Daiichi Life

# Daiichi Life Pro



စိတ်အေးချမ်းသာစေဖို့
ခိုင်မာတဲ့ငွေကြေးစုဆောင်းမှု အကာအကွယ်ဖြင့်

## ဘဝကို စိတ်ကြိုက်ပုံဖော်လိုက်ပါ...

**Daiichi Life Pro** သည် သင်နှင့် မိသားစုဘဝအတွက် မှန်းဆမရနိုင်တဲ့ ဘဝခရီးလမ်းအတွက် ပြီးပြည့်စုံသော ငွေကြေးဆိုင်ရာအကာအကွယ်၊ စိတ်အေးချမ်းသာမှုထက်ပိုသော အသက်အာမခံ တစ်ခုဖြစ်ပါသည်။

**Daiichi Life Pro** နှင့်အတူ **Daiichi CI Plus** (သို့မဟုတ်) **Daiichi Guard** နှင့် ထပ်တိုးကာကွယ်မှု ရယူထားမယ်ဆိုပါက ကာကွယ်မှုနှစ်ဆတိုးမြှင့်နိုင်မှာ ဖြစ်ပါသည်။

## Daiichi Life Pro အကာအကွယ်ကို ရွေးချယ်သင့်သည့်အဓိကအချက်များ

- နှစ်စေ့အကျိုးခံစားခွင့်
- သေဆုံးမှု/ ထာဝစဉ်မသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့်
- အာမခံထားငွေ၏ ၃% ကို (၃)နှစ်လျှင် တစ်ကြိမ်ပြန်လည်ရရှိမည့် ရှင်သန်ခြင်းအကျိုးခံစားခွင့်
- Daiichi CI Plus (သို့မဟုတ်) Daiichi Guard ဖြင့် ထပ်ဆောင်းအကာအကွယ် ထားရှိနိုင်ခြင်း အကျိုးခံစားခွင့်

## အဓိက ရွေးချယ်နိုင်မည့် အာမခံကာကွယ်မှုများ

- Daiichi Life Pro
- Daiichi Life Pro+ Daiichi CI Plus
- Daiichi Life Pro+ Daiichi Guard
- Daiichi Life Pro+ Daiichi CI Plus + Daiichi Guard

## အာမခံထားရှိရန်အတွက်လိုအပ်သည့်အချက်များ

### အသက်အာမခံထားသူ၏ အသက်အပိုင်းအခြား

- အသက် (၁၈) နှစ်မှ (၅၉ )နှစ်အထိ
(ထားရှိနိုင်သော အကြီးဆုံး အသက်အပိုင်းအခြား – ၆၅ နှစ်)

### ပေါ်လစီသက်တမ်း

- (၆) နှစ်၊ (၉) နှစ်၊ (၁၂) နှစ်၊ (၁၅) နှစ်

### ပရီမီယံသက်တမ်း

- (၆) နှစ်၊ (၉) နှစ်၊ (၁၂) နှစ်၊ (၁၅) နှစ်

### အာမခံထားငွေ

- ငွေကျပ် သိန်း ၅၀ မှစ၍

# အဓိကအကျိုးခံစားခွင့်များ

| အာမခံအကျိုးခံစားခွင့်များ | Life Pro | Life Pro + CI Plus | Life Pro + Guard | Life Pro + CI Plus + Guard |
|---|---|---|---|---|
| **နှစ်စေ့အကျိုးခံစားခွင့်**<br>- Life Pro အာမခံထားငွေ၏ ၁၀၀% ကို အသက်အာမခံထားသူအား (သက်ရှိထင်ရှားရှိသေးပါက) ထုတ်ပေးမည်ဖြစ်သည်။ | ✓ | ✓ | ✓ | ✓ |
| **သေဆုံးမှု/ထာဝစဉ်မသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့်**<br>- Life Pro အာမခံထားငွေ၏ ၁၀၀% ကို ပေးအပ်မည်ဖြစ်သည်။ | ✓ | ✓ | ✓ | ✓ |
| **သေဆုံးမှု/ထာဝစဉ်မသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့်**<br>- CI အာမခံထားငွေ၏ ၁၀၀% ကို ပေးအပ်မည်ဖြစ်သည်။ (ယခင် ပေးအပ်ခဲ့သော အကျိုးခံစားခွင့်ကို နုတ်၍) | | ✓ | | ✓ |
| **သေဆုံးမှု/ထာဝစဉ်မသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့်**<br>- Guard အာမခံထားငွေ၏ ၁၀၀% ကို ပေးအပ်မည်ဖြစ်သည်။ | | | ✓ | ✓ |
| **ရှင်သန်ခြင်း အကျိုးခံစားခွင့်**<br>- Life Pro အာမခံထားငွေ၏ ၃% ကို ပေါ်လစီနှစ်ပတ်လည် သုံးနှစ်ပြည့်တိုင်း ထုတ်ပေးပါမည်။ | ✓ | ✓ | ✓ | ✓ |
| **ကနဦးအဆင့်ရှိ ပြင်းထန်သောရောဂါဖြစ်မှု အကျိုးခံစားခွင့်**<br>- ကနဦးအဆင့်ရှိ ပြင်းထန်သော ရောဂါအခြေအနေများမှ တစ်ခုကို စစ်ဆေးတွေ့ရှိပါက အာမခံထားငွေ၏ ၂၅% ကိုပေးအပ်ပါမည်။ | | ✓ | | ✓ |
| **နှောင်းပိုင်းအဆင့်ရှိ ပြင်းထန်သောရောဂါဖြစ်မှုအကျိုးခံစားခွင့်**<br>- နှောင်းပိုင်းအဆင့်ရှိ ပြင်းထန်သော ရောဂါအခြေအနေတစ်ခုခုကို စစ်ဆေးတွေ့ရှိပြီး ကနဦးအဆင့် ဖြစ်ပွားသည့် ပြင်းထန်သောရောဂါဖြစ်မှုအတွက် အကျိုးခံစားခွင့် မထုတ်ယူသေးပါက အာမခံထားငွေ၏ ၁၀၀% ကိုပေးအပ်ပါမည်။<br>- ပရီမီယံပေးသွင်းခြင်းမှကင်းလွတ်ခွင့် | | ✓ | | ✓ |

## Daiichi Life Pro + Daiichi Guard+ Daiichi CI Plus အကျိုးခံစားခွင့်ဖြစ်စဉ် (ပေါ်လစီသက်တမ်း ၆ နှစ်)

ဥပမာဖြစ်စဉ် – အသက် (၄၀) နှစ်အရွယ်ရှိ ဦးအေးသည် (၆) နှစ် သက်တမ်းရှိ Daiichi Life Pro အာမခံပေါ်လစီကို ဝယ်ယူပြီး သေဆုံးမှု/ ထာဝစဉ် မသန်စွမ်းဖြစ်မှု အကာအကွယ်နှင့် အကျိုးခံစားခွင့်တို့အတွက် Daiichi Guard နှင့် Daiichi CI Plus တို့ကိုလည်း ထပ်တိုးအကျိုးခံစားခွင့် အာမခံပေါ်လစီအဖြစ် အတူတကွ ဝယ်ယူပါသည်။

| အာမခံပေါ်လစီဆိုင်ရာ အချက်အလက်များ | အာမခံထားငွေ (မြန်မာကျပ်) | နှစ်စဉ် ပရီမီယံ (မြန်မာကျပ်) |
|---|---|---|
| Daiichi Life Pro | ၂၀,၀၀၀,၀၀၀ | ၃,၂၁၆,၂၀၀ |
| Daiichi Guard | ၁၀,၀၀၀,၀၀၀ | ၆၂,၁၀၀ |
| Daiichi CI Plus | ၁၀,၀၀၀,၀၀၀ | ၁၈၈,၄၀၆ |
| | စုစုပေါင်း | ၃,၄၆၆,၇၀၆ |
| အကျိုးခံစားခွင့်များ (မြန်မာကျပ်) | | |
| နှစ်စေ့အကျိုးခံစားခွင့်အပါအဝင် ရှင်သန်ခြင်းအကျိုးခံစားခွင့် (မြန်မာကျပ်) | | ၂၀,၆၀၀,၀၀၀ |
| သေဆုံးမှု/ထာဝစဉ်မသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့် (မြန်မာကျပ်) | | ၄၀,၀၀၀,၀၀၀ |
| ပြင်းထန်သောရောဂါဖြစ်မှု အကျိုးခံစားခွင့် (မြန်မာကျပ်) | | ၁၀,၀၀၀,၀၀၀ |



| ဥပမာဖြစ်စဉ် (၁) – သေဆုံးမှု / ထာဝစဉ်မသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့် | သေဆုံးမှု / ထာဝစဉ်မသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့် ပမာဏ (မြန်မာကျပ်) |
|---|---|
| Daiichi Life Pro | ၂၀,၀၀၀,၀၀၀ |
| Daiichi Guard | ၁၀,၀၀၀,၀၀၀ |
| Daiichi CI Plus | ၁၀,၀၀၀,၀၀၀ |
| စုစုပေါင်း သေဆုံးမှု / ထာဝစဉ် မသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့် ပမာဏ (မြန်မာကျပ်) | ၄၀,၀၀၀,၀၀၀ |

| ဥပမာဖြစ်စဉ် (၂) – နှစ်စေ့အကျိုးခံစားခွင့် | နှစ်စေ့အကျိုးခံစားခွင့် ပမာဏ (မြန်မာကျပ်) |
|---|---|
| Daiichi Life Pro ၏ နှစ်စေ့အကျိုးခံစားခွင့် | ၂၀,၀၀၀,၀၀၀ |
| Daiichi Guard ၏ နှစ်စေ့အကျိုးခံစားခွင့် | ၀ |
| Daiichi CI Plus ၏ နှစ်စေ့အကျိုးခံစားခွင့် | ၀ |
| စုစုပေါင်း နှစ်စေ့ အကျိုးခံစားခွင့် | ၂၀,၀၀၀,၀၀၀ |

| ဥပမာဖြစ်စဉ် (၃) – ပြင်းထန်ရောဂါဖြစ်မှု အကျိုးခံစားခွင့် | ပြင်းထန်သော ရောဂါဖြစ်မှု အကျိုးခံစားခွင့် ပမာဏ (မြန်မာကျပ်) |
|---|---|
| Daiichi Life Pro ၏ ပြင်းထန်ရောဂါဖြစ်မှု အကျိုးခံစားခွင့် | ၀ |
| Daiichi Guard ၏ ပြင်းထန်ရောဂါဖြစ်မှု အကျိုးခံစားခွင့် | ၀ |
| Daiichi CI Plus ၏ ပြင်းထန်ရောဂါဖြစ်မှု အကျိုးခံစားခွင့် | ၁၀,၀၀၀,၀၀၀ |
| စုစုပေါင်း ပြင်းထန်ရောဂါဖြစ်မှု အကျိုးခံစားခွင့် | ၁၀,၀၀၀,၀၀၀ |

နှောင်းပိုင်းအဆင့် ပြင်းထန်ရောဂါ ထုတ်ပေးပြီးနောက် Daiichi CI Plus ပေါ်လစီကို ရပ်စဲမည်ဖြစ်သည်။ ထို့နောက် ကျန်ရှိသော ပေါ်လစီနှစ်ခုဖြစ်သော Daiichi Life Pro နှင့် Daiichi Guard Rider အတွက် ပေးဆောင်ရမည့် ပရီမီယံများကို ဆက်လက်ပေးသွင်းရန် မလိုတော့ပါ။

(၆) နှစ်ပြည့်ပြီးနောက် အသက်အာမခံထားသူ သက်ရှိထင်ရှားရှိပါက နှစ်စေ့အကျိုးခံစားခွင့်ကို ကျန်ရှိသောသက်တမ်းအတွက် ပေးအပ်မည်ဖြစ်ပါသည်။

## Daiichi Life Pro + Daiichi Guard+ Daiichi CI Plus အကျိုးခံစားခွင့်ဖြစ်စဉ် (ပေါ်လစီသက်တမ်း ၉ နှစ်)

**ဥပမာဖြစ်စဉ်** – အသက် (၄၀) နှစ်အရွယ်ရှိ ဦးအေးသည် (၉) နှစ် သက်တမ်းရှိ Daiichi Life Pro အာမခံပေါ်လစီကို ဝယ်ယူပြီး သေဆုံးမှု/ ထာဝစဉ် မသန်စွမ်းဖြစ်မှု အကာအကွယ်နှင့် အကျိုးခံစားခွင့်တို့အတွက် Daiichi Guard နှင့် Daiichi CI Plus တို့ကိုလည်း ထပ်တိုးအကျိုးခံစားခွင့် အာမခံပေါ်လစီအဖြစ် အတူတကွ ဝယ်ယူပါသည်။

| အာမခံပေါ်လစီဆိုင်ရာ အချက်အလက်များ | အာမခံထားငွေ (မြန်မာကျပ်) | နှစ်စဉ် ပရီမီယံ (မြန်မာကျပ်) |
|---|---|---|
| Daiichi Life Pro | ၂၀,၀၀၀,၀၀၀ | ၂,၀၈၄,၂၀၀ |
| Daiichi Guard | ၁၀,၀၀၀,၀၀၀ | ၇၃,၀၀၀ |
| Daiichi CI Plus | ၁၀,၀၀၀,၀၀၀ | ၂၂၁,၃၄၂ |
| | စုစုပေါင်း | ၂,၃၇၈,၅၄၂ |
| အကျိုးခံစားခွင့်များ (မြန်မာကျပ်) | | |
| နှစ်စေ့ အကျိုးခံစားခွင့်အပါအဝင် ရှင်သန်ခြင်းအကျိုးခံစားခွင့် (မြန်မာကျပ်) | | ၂၁,၂၀၀,၀၀၀ |
| သေဆုံးမှု/ထာဝစဉ်မသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့် (မြန်မာကျပ်) | | ၄၀,၀၀၀,၀၀၀ |
| ပြင်းထန်သောရောဂါဖြစ်မှု အကျိုးခံစားခွင့် (မြန်မာကျပ်) | | ၁၀,၀၀၀,၀၀၀ |



| ဥပမာဖြစ်စဉ် (၁) – သေဆုံးမှု / ထာဝစဉ်မသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့် | သေဆုံးမှု / ထာဝစဉ်မသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့် ပမာဏ (မြန်မာကျပ်) |
|---|---|
| Daiichi Life Pro | ၂၀,၀၀၀,၀၀၀ |
| Daiichi Guard Rider | ၁၀,၀၀၀,၀၀၀ |
| Daiichi CI Plus Rider | ၁၀,၀၀၀,၀၀၀ |
| **စုစုပေါင်း သေဆုံးမှု / ထာဝစဉ် မသန်စွမ်းဖြစ်မှုအတွက် အကျိုးခံစားခွင့် ပမာဏ (မြန်မာကျပ်)** | **၄၀,၀၀၀,၀၀၀** |

| ဥပမာဖြစ်စဉ် (၂) – နှစ်စေ့အကျိုးခံစားခွင့် | နှစ်စေ့အကျိုးခံစားခွင့် ပမာဏ (မြန်မာကျပ်) |
|---|---|
| Daiichi Life Pro ၏ နှစ်စေ့အကျိုးခံစားခွင့် | ၂၀,၀၀၀,၀၀၀ |
| Daiichi Guard Rider ၏ နှစ်စေ့အကျိုးခံစားခွင့် | ၀ |
| Daiichi CI Plus Rider ၏ နှစ်စေ့အကျိုးခံစားခွင့် | ၀ |
| **စုစုပေါင်း နှစ်စေ့အကျိုးခံစားခွင့်** | **၂၀,၀၀၀,၀၀၀** |

| ဥပမာဖြစ်စဉ် (၃) – ပြင်းထန်ရောဂါဖြစ်မှု အကျိုးခံစားခွင့် | ပြင်းထန်သော ရောဂါဖြစ်မှု အကျိုးခံစားခွင့် ပမာဏ (မြန်မာကျပ်) |
|---|---|
| Daiichi Life Pro ၏ ပြင်းထန်ရောဂါဖြစ်မှု အကျိုးခံစားခွင့် | ၀ |
| Daiichi Guard ၏ ပြင်းထန်ရောဂါဖြစ်မှု အကျိုးခံစားခွင့် | ၀ |
| Daiichi CI Plus ၏ ပြင်းထန်ရောဂါဖြစ်မှု အကျိုးခံစားခွင့် | ၁၀,၀၀၀,၀၀၀ |
| **စုစုပေါင်း ပြင်းထန်ရောဂါဖြစ်မှု အကျိုးခံစားခွင့်** | **၁၀,၀၀၀,၀၀၀** |

နှောင်းပိုင်းအဆင့် ပြင်းထန်ရောဂါ ထုတ်ပေးပြီးနောက် **Daiichi CI Plus** ပေါ်လစီကို ရပ်စဲမည်ဖြစ်သည်။ ထို့နောက် ကျန်ရှိသော ပေါ်လစီနှစ်ခုဖြစ်သော **Daiichi Life Pro** နှင့် **Daiichi Guard Rider** အတွက် ပေးဆောင်ရမည့် ပရီမီယံများကို ဆက်လက်ပေးသွင်းရန် မလိုတော့ပါ။

(၄) နှစ်ပြည့်ပြီးနောက် အသက်အာမခံထားသူ သက်ရှိထင်ရှားရှိပါက နှစ်စေ့အကျိုးခံစားခွင့်ကို ကျန်ရှိသောသက်တမ်းအတွက် ပေးအပ်မည်ဖြစ်ပါသည်။

# အာမခံကာကွယ်မှုရရှိမည့် ပြင်းထန်ရောဂါများနှင့် ထာဝစဉ်မသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့်များ

| ပြင်းထန်သော ရောဂါများ | ကနဦးအဆင့်ရှိ ပြင်းထန်သော ရောဂါဖြစ်မှု အကျိုးခံစားခွင့်များ | နှောင်းပိုင်းအဆင့်ရှိ ပြင်းထန်သော ရောဂါဖြစ်မှု အကျိုးခံစားခွင့်များ |
|---|---|---|
| ▪ ကင်ဆာနှင့် မူလနေရာမှ အခြားသို့ မပြန့်သေးသည့်ကင်ဆာ | ▪ မူလနေရာမှ အခြားသို့မပြန့်ဘဲ ရှိနေသေးသည့် ကင်ဆာ<br>▪ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ၏ ကနဦးအဆင့်ကင်ဆာ | ▪ ပြင်းထန်သော ကင်ဆာ |
| ▪ နှလုံးရောဂါနှင့် အခြားနှလုံးကုသမှုများ | ▪ နှလုံးသွေးကြောချဲ့ကုသခြင်း | ▪ အတိုင်းအတာတစ်ခုထိ ပြင်းထန်သော ရုတ်တရက်နှလုံးရောဂါ<br>▪ နှလုံးသွေးကြော လမ်းလွှဲခွဲစိတ်ကုသမှု |
| ▪ လေဖြတ်ခြင်းနှင့် အခြားပင်မ အာရုံကြောစနစ် ခွဲစိတ်ကုသမှုများ | ▪ ဦးနှောက်သွေးကြောဖောင်းခြင်းအတွက် ခွဲစိတ်ကုသခြင်း<br>▪ ဦးနှောက်အတွင်း သွေးကြောလမ်းလွှဲကုသခြင်း | ▪ လေဖြတ်ခြင်းနှင့်အတူ ထာဝရ အာရုံကြော ချို့တဲ့မှု<br>▪ ဦးနှောက်ခွဲစိတ်ကုသခြင်း |
| ▪ အဆုတ်ပျက်စီးမှု | ▪ အဆုတ်အား ခွဲစိတ်ဖယ်ထုတ်ကုသခြင်း | ▪ နှောင်းပိုင်းအဆင့်ရှိ အဆုတ်ပျက်စီးမှု |
| ▪ အသည်းပျက်စီးမှု | ▪ အသည်းတစ်စိတ်တစ်ပိုင်းအား ခွဲစိတ်ဖယ်ထုတ်ကုသခြင်း | ▪ နှောင်းပိုင်းအဆင့်ရှိ အသည်းပျက်စီးမှု |
| ▪ ကျောက်ကပ်ပျက်စီးမှု | ▪ ကျောက်ကပ်တစ်ဖက်အား ခွဲစိတ်ဖယ်ထုတ်ကုသခြင်း | ▪ နှောင်းပိုင်းအဆင့်ရှိ ကျောက်ကပ်ပျက်စီးမှု |

**စောင့်ဆိုင်းကာလ**

- ကနဦးအဆင့်ရှိ ပြင်းထန်သောရောဂါများအတွက် စောင့်ဆိုင်းကာလ (၁၂၀) ရက်
- နှောင်းပိုင်းအဆင့်ရှိ ပြင်းထန်သောရောဂါများအတွက် စောင့်ဆိုင်းကာလ (၉၀) ရက်

| ထာဝစဉ် မသန်စွမ်းဖြစ်မှု |
|---|
| ▪ လက်ကောက်ဝတ် အထက်ပိုင်းမှ လက်နှစ်ဖက် လုံးဝပြတ်ခြင်း (သို့မဟုတ်) လုံးဝအသုံးမပြုနိုင်ခြင်း |
| ▪ ခြေချင်းဝတ် အထက်ပိုင်းမှ ခြေနှစ်ဖက် လုံးဝပြတ်ခြင်း (သို့မဟုတ်) လုံးဝအသုံးမပြုနိုင်ခြင်း |
| ▪ မျက်စိနှစ်လုံး ဆုံးရှုံးခြင်း |
| ▪ ခြေချင်းဝတ် အထက်ပိုင်းမှစ၍ ခြေတစ်ဖက် လုံးဝပြတ်ခြင်း၊ လုံးဝအသုံးမပြုနိုင်ခြင်း၊ လက်ကောက်ဝတ် အထက်ပိုင်းမှ လက်တစ်ဖက် လုံးဝပြတ်ခြင်း (သို့မဟုတ်) လုံးဝအသုံးမပြုနိုင်ခြင်း |
| ▪ မျက်စိတစ်ဖက် ဆုံးရှုံးခြင်းနှင့် ခြေချင်းဝတ် အထက်ပိုင်းမှ ခြေတစ်ဖက် လုံးဝပြတ်ခြင်း (သို့မဟုတ်) လုံးဝအသုံးမပြုနိုင်ခြင်း |

# မေးလေ့မေးထရှိသော မေးခွန်းများ

## ၁။ Daiichi Life Pro တွင် "၃% ရှင်သန်ခြင်းအကျိုးခံစားခွင့်" ဆိုသည်မှာ အဘယ်နည်း။

- **Daiichi Life Pro** ပေါ်လစီသည် အသက်ဝင်နေပါက (၃) နှစ်တစ်ကြိမ်စီ အာမခံထားငွေပမာဏ (Sum Insured) ၏ ၃% ကို အာမခံထားရှိသူက ရရှိမည်ဖြစ်ပါသည်။
- ဤ ၃% ရှင်သန်ခြင်း အကျိုးခံစားခွင့်သည် ပေါ်လစီအသက်ဝင်နေပြီး အာမခံကြေးများကို အချိန်မီ ပေးဆောင်ထားရပါမည်။

## ၂။ ပေါ်လစီ စတင်အသက်ဝင်ပြီးနောက် အာမခံကာကွယ်မှုများ ထပ်ထည့်နိုင်ပါသလား သို့မဟုတ် အဆင့်မြှင့်နိုင်ပါသလား။

- ပေါ်လစီ စတင်ချိန်တွင် (သို့မဟုတ်) နောက်ပိုင်းတွင် **Daiichi Guard** (သို့မဟုတ်) **Daiichi CI Plus** (ပြင်းထန်ရောဂါ (၈) မျိုး အကာအကွယ်ပေးသော) ကဲ့သို့သော ထပ်တိုးကာကွယ်မှုများကို အာမခံအကဲဖြတ် (Underwriting) ခွင့်ပြုချက်အရ ထပ်ထည့်နိုင်ပါသည်။
- သက်တမ်းအတွင်း အာမခံထားငွေပမာဏ ပြောင်းလဲခြင်း (သို့မဟုတ်) အကျိုးခံစားခွင့်များ အဆင့်မြှင့်ခြင်း ပြုလုပ်လိုပါက အာမခံအကဲဖြတ် အသစ်လိုအပ်နိုင်ပြီး ခွင့်ပြုချက် ရယူရပါမည်။
- ပြောင်းလဲမှုများသည် အာမခံကြေး၊ အာမခံကာကွယ်မှု၊ စောင့်ဆိုင်းကာလများ (သို့မဟုတ်) အကျိုးခံစားခွင့်များအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။



## ၃။ "Free-look Period" ဆိုသည်မှာ အဘယ်နည်း။

ပေါ်လစီ ထုတ်ပေးသည့်နေ့မှစ၍ (၂၁) ရက်အတွင်း ပေါ်လစီကို ပြန်လည်စစ်ဆေးကြည့်ရှုနိုင်ပါသည်။ ဤကာလအတွင်း ပေါ်လစီအား ပယ်ဖျက်နိုင်ပြီး အာမခံတောင်းဆိုမှု မပြုလုပ်ရသေးပါက ဆေးစစ်ဆေးမှု ကုန်ကျစရိတ်များကို နုတ်ယူပြီးနောက် ပေးဆောင်ပြီးသား အာမခံကြေးအားလုံးကို ပြန်လည်ရရှိမည် ဖြစ်ပါသည်။

## ၄။ ပေါ်လစီ သက်တမ်းကုန်ဆုံးပြီးနောက် (Lapse ဖြစ်ပြီးနောက်) ပြန်လည် အသက်သွင်းရန် လုပ်ငန်းစဉ်မှာ မည်သို့ ဖြစ်ပါသလဲ။

- ပေါ်လစီသက်တမ်းကုန်ဆုံးသည့်နေ့မှ စ၍ (၂) နှစ်အတွင်း ပေါ်လစီကို ပြန်လည်အသက်သွင်းရန် ခွင့်ပြုနိုင်ပါသည်။ ထိုသို့ ပြန်လည်အသက်သွင်းရန်အတွက် ပေးချေရန်ကျန်ရှိနေသော အာမခံကြေးများနှင့် အတိုးများကို ပေးဆောင်ရပါမည်။
- **Daiichi Life** မှ တောင်းဆိုသည့်အတိုင်း Reinstatement Request Form ၊ ကျန်းမာရေး ကြေညာချက် (Health Statement) နှင့် လိုအပ်သော အခြားစာရွက်စာတမ်းများကို မှန်ကန်ပြည့်စုံစွာ တင်ပြရပါမည်။
- ပြန်လည်အသက်သွင်းမှုကို ခွင့်ပြုပါက၊ ပေါ်လစီပြန်လည် အသက်ဝင်သည့်နေ့စွဲသည် **Daiichi Life** မှ အတည်ပြုထားသော Reinstatement Letter တွင် ဖော်ပြထားသည့် နေ့စွဲဖြစ်ပါမည်။

## ၅။ ပရီမီယံကြေးများ ပေးသွင်းမှုအတွက် အခွန်သက်သာခွင့် ရရှိနိုင်ပါသလား။

**Daiichi Life Pro** အတွက် ပေးဆောင်ထားသော အာမခံ ပရီမီယံကြေးများကို မြန်မာနိုင်ငံ အခွန်ဥပဒေအရ ကိုယ်ပိုင်ဝင်ငွေခွန်မှ နုတ်ယူနိုင်ပါသည်။

## ၆။ ပေါ်လစီချေးငွေ ယူနိုင်ပါသလား။

ပေါ်လစီ၏ Surrender Value (ပယ်ဖျက်တန်ဖိုး) ၏ အများဆုံး ၉၀% အထိ ချေးငွေယူနိုင်ပါသည်။ ချေးငွေအပေါ် နှစ်စဉ် စုပေါင်းအတိုးနှုန်း ၁၅% ကို ကောက်ခံပါမည်။

ထို့အပြင် ချေးငွေစီမံကြေး ကျပ် ၁,၀၀၀ ကောက်ခံပါမည်။ ချေးငွေ ပြန်မဆပ်မီ အာမခံထားရှိသူ သေဆုံးပါက ကျန်ရှိသောချေးငွေနှင့် အတိုးကိုအကျိုးခံစားခွင့်မှ နုတ်ယူပါမည်။

## ၇။ Surrender Value (ပယ်ဖျက်တန်ဖိုး) ဆိုသည်မှာ အဘယ်နည်း။

အနည်းဆုံး အာမခံကြေး (၃) နှစ်ပြည့် ပေးဆောင်ပြီးနောက် ပေါ်လစီတွင် Surrender Value ရရှိလာပါသည်။ မည်သည့်အချိန်မဆို စာဖြင့် တောင်းဆိုမှုနှင့် မူရင်းပေါ်လစီစာရွက်စာတမ်းကို တင်ပြခြင်းဖြင့် ပေါ်လစီကို ပယ်ဖျက်နိုင်ပါသည်။ ပြန်လည်ပေးအပ်မည့်ပမာဏမှာ Surrender Value မှ ကျန်ရှိသော ချေးငွေများ (သို့မဟုတ်) အကြွေးများကို နုတ်ယူပြီးနောက် ကျန်ရှိသော ပမာဏ ဖြစ်ပါမည်။

## ၈။ အာမခံ ပရီမီယံကြေး ပေးချေမှုကို ရပ်တန့်လိုသော်လည်း ပေါ်လစီကို မပယ်ဖျက်လိုပါက မည်သို့ဖြစ်ပါသလဲ။

ပေါ်လစီကို **Reduced Paid-Up Policy** အဖြစ် ပြောင်းလဲနိုင်ပါသည်။

အသစ် သတ်မှတ်မည့် အာမခံထားငွေပမာဏ = မူရင်း အာမခံငွေပမာဏ × (ပေးဆောင်ပြီးသား အာမခံ ပရီမီယံကြေး နှစ်အရေအတွက် ÷ အာမခံပရီမီယံကြေး ပေးဆောင်ရမည့် စုစုပေါင်းကာလ)

လျှော့ချထားသော အာမခံထားငွေပမာဏကို မူဝါဒသက်တမ်း အဆုံးတွင် ပေးချေပါမည်။

## ၉။ အကျိုးခံစားခွင့်ဝန်ဆောင်မှုကို မည်သို့ရယူနိုင်မည်နည်း။

အကျိုးခံစားခွင့်ဝန်ဆောင်မှုအတွက် လူကြီးမင်း၏ အသက်အာမခံအကြံပေးမန်နေဂျာသို့ တိုက်ရိုက်ဆက်သွယ်၍သော်လည်းကောင်း (သို့မဟုတ်) ကျွန်တော်တို့ Customer Service Team
+၉၅ ၉ ၈၈၀ ၄၄၃ ၀၀၃ သို့လည်း ဆက်သွယ်နိုင်ပါတယ်။
မျှော်လင့်မထားတဲ့ ဘဝအလှည့်အပြောင်းတွေတိုင်းမှာ ကျွန်တော်တို့ ဒိုင်အီချိက လူကြီးမင်းနဲ့ အမြဲအတူရှိနေမှာပါ။

## ၁၀။ အာမခံ အကျိုးခံစားခွင့် တောင်းဆိုရမည့်ကာလမှာ မည်မျှဖြစ်မည်နည်း။

အာမခံ အကျိုးခံစားခွင့် တောင်းဆိုမှုများကို မျှော်လင့်မထားသော ဖြစ်ရပ်ဖြစ်ပေါ်သည့်နေ့မှစ၍ ရက်ပေါင်း (၃၀) ရက်အတွင်း တင်ပြရပါမည်။

## ၁၁။ အသက်အာမခံထားရှိသူသည် မြန်မာနိုင်ငံပြင်ပတွင် နေထိုင်ရန် စီစဉ်ထားပါက မည်သို့ ဖြစ်ပါသလဲ။

အသက်အာမခံထားရှိသူသည် မြန်မာနိုင်ငံပြင်ပတွင် ဆက်တိုက် (၃)လထက်ပို နေထိုင်ရန်ရည်ရွယ်ထားပါက ရည်ရွယ်ထားသည့်နေ့မှ (၃၀) ရက်အတွင်း Daiichi Life သို့ စာဖြင့် အသိပေးရပါမည်။ အန္တရာယ်အကဲဖြတ်မှုအပေါ် မူတည်၍ Daiichi Life သည် ပေါ်လစီကို ဆက်လက်ထားရှိခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်ပြီး ပေါ်လစီပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ပါမည်။

Daiichi
Life Pro



ဒိုင်အီချိန့် ဘဝကို စိတ်ကြိုက်ပုံဖော်လိုက်ပါ

## Daiichi Life Myanmar အကြောင်း

**Daiichi Life Myanmar** သည် ဂျပန်နိုင်ငံရှိ ထိပ်တန်းအသက်အာမခံကုမ္ပဏီဖြစ်သည့် **Daiichi Life Group** ၏ ကုမ္ပဏီခွဲတစ်ခု ဖြစ်ပါသည်။ **Daiichi Life Group** သည် နှစ်ပေါင်း (၁၂၀) ကျော်ကြာ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံပေါင်း (၉) နိုင်ငံမှ customer များနှင့် သူတို့၏မိသားစုဝင်များအတွက် အသက်အာမခံဝန်ဆောင်မှုများနှင့် အနာဂတ်အတွက် အာမခံချက်ရှိသည့် ငွေကြေးဆိုင်ရာ အကာအကွယ် ရရှိစေသည့် ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

၂၀၁၉ ခုနှစ်တွင် **Daiichi Life Myanmar** သည် မြန်မာနိုင်ငံရှိ ပြည်သူများအတွက်လည်း ကမ္ဘာ့ အဆင့်မီ အသက်အာမခံဝန်ဆောင်မှုအား ပေးဆောင်နိုင်ရန် တရားဝင်လုပ်ငန်းလိုင်စင်ကို ရရှိခဲ့ပါသည်။ **“Customer First”** ဟူသည့် ခံယူချက်အတိုင်း မြန်မာနိုင်ငံရှိ ကျွန်တော်တို့၏ အသက်အာမခံလုပ်ငန်းကိုလည်း ပြည်တွင်းနှင့် နိုင်ငံတကာအဆင့်မီ ဝန်ထမ်းများနှင့်အတူ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများနှင့်တကွ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် ကျန်းမာပျော်ရွှင် စိတ်အေးချမ်းခြင်းတို့ကို ဖန်တီးပေးနိုင်ရန် ရည်ရွယ်ပါသည်။


Daiichi Life Insurance Myanmar Ltd.

**Phone:** +95 9 880 443 003

**Email:** customercare@daiichilife.com.mm

**Website:** www.daiichilife.com.mm


000009-001-202602